**THE STATE GRANT ACT**
[Act No. XV, 1895](10 October, 1895.)
**အစိုးရမြေယာချထားရေးအက်ဥပဒေ**

(၁၈၉၅ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၅)(၁၈၉၅ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

Whereas doubts have arisen as to the extent and operation of the Transfer of Property Act, and as to the power of the State to impose limitations and restrictions upon grants and other transfers of land made by it or under its authority, and it is expedient to remove such doubts; It is hereby enacted as follows:

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ ပေါ်ပေါက်လာပြီး ယင်းအက်ဥပဒေကို ကျင့်သုံးဆောင်ရွက်ရာတွင် နိုင်ငံတော် သို့မဟုတ် ယင်း၏ အာဏာပိုင်များက မြေများကို ပေးအပ်ချထားခြင်းနှင့် အခြားနည်း လွှဲပြောင်းပေးခြင်းတို့အပေါ် အကန့်အသတ် ဖြစ်ပေါ်စေခြင်းရှိမရှိနှင့် စီမံခန့်ခွဲဆောင်ရွက်ပိုင်ခွင့် အကန့်အသတ်ဖြစ်ပေါ်မှု ရှိမရှိ ဝိဝါဒကွဲပြားမှုများ ပေါ်ပေါက်လာခြင်းအား ဖယ်ရှားရန် လိုအပ်သည်နှင့်အညီ အောက်ဖော်ပြပါအတိုင်း ပြဋ္ဌာန်း ထုတ်ပြန်လိုက်သည်။

**Short title.**

1. This Act may be called the State Grant Act.

**အမည်**

၁။ ဤအက်ဥပဒေကို **အစိုးရမြေယာချထားရေးအက်ဥပဒေ** ဟုခေါ်တွင်စေရမည်။

**Transfer of Property Act not to apply in State grants.**

2. Nothing in the Transfer of Property Act contained shall apply or be deemed ever to have applied to any grant or other transfer of land or of any interest therein heretofore made or hereafter to be made by or on behalf of the State to, or in favour of, any person whomsover; but every such grant and transfer shall be construed and take effect as if the said Act had not been passed.

**ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေသည် နိုင်ငံတော်၏ပေးအပ်ထားခြင်းတွင် အကျိုးသက်ရောက်မှု မရှိခြင်း**

၂။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ ဤအက်ဥပဒေပြဋ္ဌာန်းခြင်း မပြုမီကာလက၊ သို့မဟုတ် ဤသို့ပြဋ္ဌာန်းပြီးသည့်အချိန်နောက်ပိုင်း နိုင်ငံတော်က သို့မဟုတ် နိုင်ငံတော်အလို့ငှာ မည်သူတစ်ဦးတစ်ယောက်သို့ မဆို မြေ သို့မဟုတ် ယင်းမှအကျိုးခံစားခွင့်အရပ်ရပ်ကို ပေးအပ်ခြင်း၊ သို့မဟုတ် အခြားနည်းလွှဲပြောင်းပေးခြင်း တို့အပေါ် သက်ရောက်မှု မရှိကြောင်း မှတ်ယူရမည်ဖြစ်သည်။ သို့သော် ယင်းပေးအပ်ချထား နှင့် လွှဲပြောင်းပေးမှု အရပ်ရပ်တိုင်းသည် ဤအက်ဥပဒေ အရ အတည်ပြုခြင်း မဟုတ်သကဲ့သို့ အဓိပ္ပါယ်ကောက်ယူရမည်ဖြစ်ပြီး၊ အာဏာသက်ရောက်မှု ရှိရမည်။

**State grants to take effect according to their tenor.**

3. All provisions, restrictions, conditions and limitations over contained in any such grant or transfer as aforesaid shall be valid and take effect according to their tenor, any rule of law, statute or enactment of the Union Parliament to the countrary notwithstanding.

**နိုင်ငံတော်က ပေးအပ်ချထားမှုအရ ယင်း၏မြေငှားချထားခံရများအား သက်ရောက်ခြင်း**

၃။ အထက်ပြဋ္ဌာန်းချက်များအတိုင်း ပေးအပ်ခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်း တို့တွင် မြေငှားချထားခြင်းခံရသူများ အပေါ် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များ၊ တားမြစ်ချက်များ၊ အခြေအနေသတ်မှတ်မှုများ နှင့် ကန့်သတ်ချက်များ သည် ပြည်ထောင်စုလွှတ်တော် က ဤဥပဒေပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ကွဲလွဲစွာ ဥပဒေ၊ နည်းဥပဒေ တစ်ရပ်ရပ်ကို ပြဋ္ဌာန်းခြင်းဖြင့် ပျက်ပျယ်စေနိုင်သည်။



AD_Htein